ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (7-8-2008) (၅၇၆၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Abdulatif Al-Mawash လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အတည်ပြုချိန် ၄း၀၅

ကြေးမုံ
The Mirror
၇-၈-၂၀၀၈
(ကြာသပတေးနေ့)

ကျန်းမာသန့်ရှင်းသော ပတ်ဝန်းကျင် ဖန်တီး မြို့ပြသန့်ရှင်းလုပရေး ပြည်သူများ ပူးပေါင်းပါဝင်

မြို့ပြ၊ ကျေးရွာပတ်ဝန်းကျင် သပ်ရပ်သန့်ရှင်းလှပနေခြင်းသည် ပြည်သူတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းမှုကို ရရှိစေသည်။ စီးပွားရေး အချက်အချာကျသည့် မြို့ကြီးပြကြီးများတွင် မြို့ပြအင်္ဂါရပ်များနှင့်အညီ လမ်းများ ကောင်းမွန်ရေး၊ ရေကန်များ၊ အပန်းဖြေဥယျာဉ်များနှင့် ပန်းခြံများအတွင်း မြက်ခင်းများ၊ ပန်းအလှပင်များဖြင့် လှပဝေဆာစေရေးတို့အတွက် ပြုပြင်ဖန်တီး တည်ဆောက်ပေးလျက်ရှိသည်။

ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို စည်ပင်သာယာရေးအဖွဲ့များက ဖန်တီးဖြည့်ဆည်းပေးလျက်ရှိရာ ကူးသန်းရောင်းဝယ် ဆက်သွယ်သွားလာမှု လွယ်ကူစေရေး၊ မြို့ရွာ၊ ဈေး၊ ကျောင်း၊ လမ်းသန့်ရှင်း ကောင်းမွန်စေရေးနှင့် ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေးလုပ်ငန်းများ ပါဝင်သည်။

ထို့အပြင် မြို့ပြပတ်ဝန်းကျင် သာယာလှပရေး၊ အမှိုက်သရိုက်ရှင်းလင်းရေး၊ လျှပ်စစ်မီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ သက်ဆိုင်ရာဌာနတို့က အပန်းဖြေဥယျာဉ်နှင့် ပန်းခြံများအပါအဝင် မြို့ပြဝန်းကျင် သန့်ရှင်းသာယာလှပရေး အလေးထားဖော်ဆောင်ပေးလျက်ရှိရာ ပြည်သူတိုင်းကလည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ မြို့နယ်၊ ရပ်ကွက်အလိုက် အိမ်၊ ခြံ၊ ကျောင်း၊ ရုံး၊ ဈေးပတ်ဝန်းကျင် သန့်ရှင်းရေး နေ့စဉ်ရှင်းလင်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီကြရမည်ဖြစ်သည်။ နေအိမ်လမ်းကြားများ၊ ရေမြောင်းများတွင် အမှိုက်သရိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံများပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေခြင်း၊ ရေချိုးကန်၊ ရေဘုံပိုင်များဖွင့်ထား၍ ရေများ အလဟဿဆုံးရှုံးစေခြင်းစသည့် အပြုအမူများကို ရှောင်ရှားကြရမည်ဖြစ်သည်။

မြို့ပြသန့်ရှင်းသာယာလှပရေး လုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်းလုပ်ကိုင်၍ ပြီးစီးသွားနိုင်သည် မဟုတ်ဘဲ နေ့စဉ်နေ့တိုင်း လုပ်ဆောင်သွားရမည့် လုပ်ငန်းများဖြစ်သည်။ သို့ဖြစ်၍ ပြည်သူတိုင်းက စည်းကမ်းရှိသော မြို့ပြပတ်ဝန်းကျင် သန့်ရှင်းလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး စသည့်လုပ်ငန်းများတွင် အသိတရားနှင့်ယှဉ် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာသန့်ရှင်းသော လူမှုပတ်ဝန်းကျင် ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်၊ စိန်ဖူးတော်အလှူငွေအဖြစ် ကွယ်လွန်သူ ဦးခင်မြင့်အား ရည်စူး၍ လှိုင်မြို့နယ် (၁၀)ရပ်ကွက် ဓမ္မာရုံလမ်းနေ ဒေါ်တင်တင်မြင့် (စေတနာရှင်ထမင်းဆိုင်) မိသားစုက ငွေကျပ် ၁၅၀၀၀၀ ခန့်တန်ဖိုးရှိ လက်စွပ်တစ်ကွင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိမ်း မြို့နယ်ရဲတပ်ဖွဲ့မှူး (ငြိမ်း) လက်ခံယူစဉ်။

(ကြေးမုံ)

ပြည်သူ့ သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ) ဝန်ကြီး ပိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ဩဂုတ် ၃ ရက်တွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးတင်မောင်ဆွေက စက်စွမ်းအားပြည့် လည်နိုင်ရေးအတွက် လက်ရှိပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို တင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးက တစ်နိုင်ငံလုံး စပါးအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဓာတ်မြေသြဇာသည် အဓိက အခန်းကဏ္ဍမှပါဝင်သဖြင့် ဓာတ်မြေသြဇာစက်ရုံများအလိုက် လျာထားချက်ပြည့်မီကျော်လွန် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ယခုကဲ့သို့ စက်ရုံအား နှစ်ပတ်လည်ပြင်ဆင်ရန်အတွက် လိုအပ်သည်များကို အစစဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး ရှေ့ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဂျပန်နိုင်ငံ Hitachi Co,Ltd. မှ ဂျပန်ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်းစက်ပစ္စည်းများ ပြင်ဆင်မွမ်းမံတပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းပြင်ဆင်မွမ်းမံမှုများကို စက်နှင့်ဆိုင်သော အသေးစိတ် အချက်အလက်များကို စေ့စပ်သေချာစွာ ဆောင်ရွက်သွားရန်နှင့် နောင်ပြုပြင်ရန် လိုအပ်လာနိုင်သည်တို့ကို ကြိုတင်မြော်တွေးပြင်ဆင်ထားကြရန် မှာကြားကာ လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဧရာဝတီတိုင်းတွင် အသုံးပြုရန်အတွက် စက်ရုံမှ ဓာတ်မြေသြဇာများ ထုတ်ပေးနေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရာသီအမီ အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းမြန်ဆန် ချောမွေ့စေရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ချောက်မြို့ ရွှေပုံတောင်ဘုရားအနီးရှိ ချောက်ရေနံမြေမှ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူသီး အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)၌ ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)



လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာနေ ဒေါ်စဝ်သီတာ (၆၅) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ပဒေသာပင် အလှူငွေကျပ် ၆၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(ကြေးမုံ)

ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၆

အင်းစိန်မြို့နယ် မင်းစေတီလမ်းရှိ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲ၌ ကျောင်းတိုက်ပဓာနနာယက၊ ကမ္ဘာဌာနာစရိယ မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်မာလာစာရ (ဓမ္မာစရိယ) အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများသည် ဩဂုတ် ၁၈ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါကကျောင်းတိုက်ဖုန်း-၆၄၀၂၆၇ နှင့် ၀၉၅၀၂၆၂၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ပဲခူးတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် ၁၀၄၁၅၇၀၀ နှင့် ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက် လှူဒါန်းငွေကျပ် ၁၁၇၆၁၀၉၇၀အပါအဝင် စေတနာရှင်ပြည်သူများ၏ ဩဂုတ် ၅ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ၁၅၁၅၆၉၀၀၈၁၅ ကျပ်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်း ပို့ချမည်

ရန်ကုန် ဩဂုတ် ၆

ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း အပတ်စဉ်(၁၀)ကို ဩဂုတ် ၁၂ ရက်မှ ၂၆ ရက်အထိ နှစ်ပတ်ကြာ အထက်မြန်မာပြည်၊ ငါးလုပ်ငန်း သင်တန်းကျောင်း စစ်ကိုင်းမြို့၌ သင်ကြားပို့ချမည်ဖြစ်သည်။

လက်တွေ့ဆောင်ရွက် သင်ကြားခြင်းကို မန္တလေးမြို့ သရက်ကုန်း ငါးလုပ်ငန်းစခန်း၌ ကျင်းပမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဦးလှတင် ကျောင်းအုပ်ကြီး အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်း စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၂၂၉၃ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး သင်တန်းသားများအတွက် နေထိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဧရာဝတီတိုင်း ဒေးဒရဲမြို့၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

ဧရာဝတီတိုင်း ဒေးဒရဲမြို့၌ အခြေပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၃ ရက်တွင် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာသို့ရောက်ရှိပြီး ပုပ္ပာရုံကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလအား ဖူးမြော်ကြည်ညိုကာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြုပြင်ဆောက်လုပ် လှူဒါန်းသော ပုပ္ပာရုံကျောင်းတိုက် ဘုန်းကြီးကျောင်း ပြုပြင်ဆောက်လုပ် လှူဒါန်းခြင်း အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာ ပုပ္ပာရုံကျောင်းတိုက် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ရထား)

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုကြသည်။ အခမ်းအနား အစီအစဉ်အရ ဒေးဒရဲမြို့ ကျောင်းသစ်ကျောင်းတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသုဗောဓာလင်္ကာရထံမှ ငါးပါးသီလခံယူပြီး ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနကဆောက်လုပ်လှူဒါန်းသည့်လေးအိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျောင်းသား၊ ကျောင်းသူများစာသင်ကြားနေမှုကို ကြည့်ရှုပြီး စာသင်ကျောင်းဆောင်ထပ်မံဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့ မင်္ဂလာကန်ကျောင်းတိုက်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကျင်းပသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့ ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျံစေတီသို့ရောက်ရှိကာ ဆရာတော် ဘဒ္ဒန္တပညာစာရနှင့် ဘဒ္ဒန္တတေဇတို့အား ဖူးမြော်ကြည်ညိုပြီး သွပ်နှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်လှူဒါန်း ဆောက်လုပ်လျက်ရှိသည့် မွေးလူနာဆောင်နှင့်ခွဲစိတ်ခန်းဆောင်များပြုပြင်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့ ကျောင်းသစ်ကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တသုဗောဓာလင်္ကာရအား ဖူးမြော်ကြည်ညိုကာ ဝိနယာလင်္ကာရ သိမ်ကျောင်း ပြန်လည်ပြုပြင်ရန်အတွက် သွပ်များ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရုံးကြီးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၆

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဩဂုတ် ၂၄ ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၇၇)ရှိ ဇလွန်မြို့နယ်အသင်း တည်ရာ၌ ကျင်းပမည်ဖြစ်သည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် ဦးလှမြင့် (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) ဖုန်း- ၅၁၀၃၆၇၊ ၅၁၀၆၁၇ တို့သို့လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်း ဖုန်း-၅၈၄၁၉၁ နှင့် ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာရေးဝန်ထမ်းအရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၈)နှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်စီ ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Shimba Kazuya နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (လူမှုဝန်ထမ်း)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Shimba Kazuya (Member of the House of Councillors of Japan)နှင့် အဖွဲ့သည် ဩဂုတ် ၅ ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည်တော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဧည့်သည်တော်ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ မစတင်မီ နိုင်ငံတော်တီးဝိုင်းက ကူဝိတ်နိုင်ငံ-နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာမှုတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက်ဧည့်သည်တော်ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အားနေပြည်တော်မြို့တော်ခန်းမ၌ဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်၌ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသွားမည့် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆နာရီ ၁၅မိနစ်တွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ချစ်ကြည်ရေးခရီး လည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသွားမည့် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန်   ဩဂုတ်   ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အပိုင်းပြေးမှထွက်လမ်းရှာ"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	ပြည်တွင်းအနုပညာရေးရာ
၈း၅၅ - ၂း၅၅	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း၊အာဂမ+သဘာဝစာပြန်ပွဲ
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	Yangon Panorama (ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော် ၆၆နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနား)
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(အပိုင်း-၄)
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	ငါးရစ်မျိုးငါး---တို့မစား (ရှော၊ခိုင်သင်းကြည်) (ဒါရိုက်တာ ရဲဝင်းနီ)
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	နှယဉ်ဆန်းထွင် ပန်းအလှဆင် (L ပုံသဏ္ဍာန် ပန်းအိုးထိုးနည်း)
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (စိမ်းချိုသရက်သီး)
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	KMD မှ IT နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခင်မျိုးအေးဘိုနှင့်တွေ့ဆုံခြင်း)
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	ဖူးရောက်စေချင် ရွှေရင်အေးစေတီတော်တစ်ခွင်
၁၂း၁၀ - ၆း၁၀	Hotel Guide (Lucky Dragon Hotel)
၁၂း၂၅ - ၆း၂၅	ဖွံ့ဖြိုးဝေဆာ သပြေတန်းရွာ ခြွေလှေ့စက် လက်မှုပညာ
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	**Beijing Olympic 2008** အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် အစိုးရဌာနများအချင်းချင်း နည်းပညာဖလှယ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နေပြည်တော်   ဩဂုတ်   ၆

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လှိုင်သာယာစက်မှုဇုန်တာဝန်ခံ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရန် နိုင်ငံတော်က စက်မှုကဏ္ဍကို အထူးအားပေးကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် အစိုးရဌာနများအချင်းချင်း နည်းပညာဖလှယ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသော ပစ္စည်းများထုတ်လုပ်ရန်၊ ယင်းပစ္စည်းများ အရေအတွက် တိုးထုတ်ရန်နှင့် လုပ်သားများအရည်အသွေးမြင့်မားစေရန် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တပ်ဆင်ထားသည့် စက်များကိုလည်း စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က စက်မှုဇုန်မှဆောင်ရွက်လျက်ရှိသော ထုတ်ကုန်လုပ်ငန်းများ အခြေအနေ၊ စက်မှုဇုန်အတွင်းရှိ အဓိကကျသောလမ်းများကို ကတ္တရာလမ်းခင်းနေမှု၊ စက်မှုဇုန်မှတည်ထောင်မည့် မီးသတ်စခန်းအတွက် မြေနေရာရရှိရေးနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လှိုင်သာယာစက်မှုဇုန်တာဝန်ခံ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းနှင့် စွမ်းအင်တို့ အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၆

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ဇ)အုပ်စုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းက သစ်တောရေးရာဝန်ကြီးဌာန ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဇ)အုပ်စုတွင် စွမ်းအင်ဝန်ကြီးဌာနဘောလုံးအသင်းက အမှတ်(၂)စက်မှုဝန်ကြီးဌာနဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

၇-၈-၂၀၀၈

နေပြည်တော်ကွင်း-(က)အုပ်စု မွေး/ရေနှင့်လျှပ်စစ်(၂)
ပေါင်းလောင်းကွင်း-(က)အုပ်စု စက်မှု(၁)နှင့် ပညာရေး(၁၀၇)

မိခင်နို့တိုက်ကျွေးဖို့ စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်စို့

နှစ်စဉ် ဩဂုတ်လ ၁ ရက်နေ့သည် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အထိမ်းအမှတ်နေ့ဖြစ်သကဲ့သို့ ဩဂုတ်လ ပထမပတ်ကိုလည်း ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ကာ နိုင်ငံအသီးသီးတွင် ခြိမ့်ခြိမ့်သဲသဲကျင်းပကြသည်။ ကလေးတိုင်းကို မိခင်နို့တစ်မျိုးတည်းသာ အသက် ခြောက်လအထိ တိုက်ကျွေးစေကာ ထို့နောက်မှသာ ဖြည့်စွက်အစာကျွေးပြီး မိခင်နို့ကို ဆက်လက်တိုက်ကျွေးစေသည့်အပြင်ကလေးနှစ်နှစ်ပြည့်သည်အထိ(သို့မဟုတ်) မိခင်နှင့်ကလေးဆန္ဒရှိသည့်ကာလတိုင် ဆက်လက်တိုက်ပေးရေး စဉ်ဆက်မပြတ် အသိပညာပေးကာ အမူအကျင့်ကောင်းကို လိုက်နာကျင့်သုံးလာသည်အထိ ကြိုးပမ်းလာခဲ့ကြသည်။ ဆက်လက်၍လည်း ကြိုးပမ်းနေဆဲဖြစ်သည်။

သို့ဖြစ်၍ **သားသည်မိခင်တိုင်း မိမိကလေးအား မွေးပြီးပြီးချင်း နို့ဦးရည်ကို နာရီဝက်အတွင်း ဝင်အောင်တိုက်ရေး အပါအဝင် အသက်နှစ်နှစ်ကျော်သည်အထိ မိခင်နို့တိုက်ကျွေးဖို့ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းဝင်များ အချိန်တိုင်းကြိုးပမ်းလျက်ရှိကြပေသည်။** အထူးအား ဖြင့် ဩဂုတ်လ ပထမပတ်တွင်မူ ပိုမိုအာရုံစိုက် အားထုတ်ဆောင်ရွက်သည်ကိုပေါ်လွင်စွာတွေ့ရပေမည်။

ဤသို့ဖြင့် ဇူလိုင်လကုန်ပိုင်းတွင် လုပ်ဖော်ကိုင်ဖက် စေတနာ့ဝန်ထမ်း အစ်မကြီး တစ်ဦး၏

ဒေါက်တာသန်းဦး

အောက်ပါအတိုင်း မေးခွန်းမေးလာသည်ကို ကြုံခဲ့ရပါသည်-

"ဆရာတို့က မိခင်တိုင်း မိမိကလေး ဝမ်းကကျွတ်ကျွတ်ချင်း နာရီဝက်အတွင်း မိခင်နို့ဦးရည်ကို ဝင်အောင်တိုက်၊ ကလေးခြောက်လအတွင်းမှာလည်း မိခင်နို့ တစ်မျိုးတည်းတိုက်၊ နေ့ရောညပါတိုက်၊ ခဏခဏတိုက်၊ ကြာကြာတိုက်၊ နှီးတိုက်၊ ခြောက်လပြည့်မှ ဖြည့်စွက်အစာ စကျွေး၊မိခင်နို့လည်းဆက်တိုက်၊ ကလေးနှင့်အမေဆန္ဒရှိတဲ့အချိန်အထိ တိုက်ဆိုလို့ ကျွန်မလည်းတွေ့တဲ့လူတိုင်းပြော၊ ကလေးအမေတိုင်းပြော၊ အားလုံးကိုလဲ တိုက်တွန်းခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မကိုယ်တွေ့တွေ့ခဲ့ရတဲ့ ကလေးအမေတစ်ဦးကျတော့ မွေးမွေးချင်းလည်း ကြိုးစားတိုက်၊ အချိန်တိုင်းလည်း ကြိုးစားတိုက်ပေမယ့် နို့ကမရ၊ ကလေးကငို၊ နှစ်ရက် သုံးရက်ကြာတော့ ဒဏ်မခံနိုင်တော့လို့ နို့ဘူးကူတိုက်လိုက်ရတာ တွေ့ရတယ်။ အဲဒါမျိုးကျတော့ ဘယ်လိုလုပ်မလဲဆရာ"

"ဒီလိုပါအစ်မရယ်။မိမိရင်သွေးကို နို့ချိုတိုက်ကျွေးပြီး ယုယပြုစု ပိုက်ထွေးချင်တာ မိခင်တိုင်းရဲ့ အလှပဆုံး အိပ်မက်ပါ။

"ဒါပေမယ့် အခုချက်ချင်းရေတွင်းတူး၊ အခုချက်ချင်း ရေကြည်သောက်လို့ မရနိုင်ဘူး ဆိုတာလို

> *ကလေးမွေးပြီးပြီးချင်း နာရီဝက်အတွင်း နို့ဦးရည်ကစပြီး မိခင်နို့ဝင်အောင်တိုက်ရတဲ့အခါမှာ မွေးကင်းစကလေးကို မိခင်ရင်ဘတ်ပေါ်မှာတင်ပြီး မိခင်နဲ့ကလေး အသားချင်းထိကာ နို့စစို့စေဖို့၊ နို့နှစ်ဖက် ပြောင်းပြောင်းတိုက်ပေးဖို့၊ နို့တိုက်ပြီးတိုင်း ကလေးကို အနီးနဲ့စနစ်တကျထုပ်၊ ကလေးဦးခေါင်းလေးကို မိမိဘယ်ဘက်လက်မနဲ့ လက်ညှိုးကြားမြှောက်ထား၊ ကလေးကျောဘယ်ဘက်အခြမ်း အစာအိမ်ရှိရာနေရာကိုမှန်းပြီး မိမိညာလက်ဖဝါးနဲ့ပုတ်ပြီး လေထုတ်ပေးဖို့လို။*

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ

World Breastfeeding Week

(1-8-2008 to 7-8-2008)

Mother Support: Going for the Gold!

"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"

ကျန်းမာရေးဝန်ကြီးဌာန

မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးလုပ်ငန်းဆိုတာကလည်း အချိန်ယူဖို့လိုပါတယ်။ တကယ့် တကယ်ဒီလုပ်ငန်းကို အစပျိုးရမယ့် အချိန်ကတော့ အဲဒီသားသည် အမေရဲ့ မိခင်လောင်းဘဝအစ အပျိုဖော်ဝင်စကတည်းက စခဲ့ရမှာပါ။ ယေဘုယျအားဖြင့် မိန်းမပျိုတစ်ဦးဟာ အသက် ၁၃နှစ် ၁၄ နှစ်မှာ အပျိုဖော် စဝင်တာပါ။ ရာသီပန်းစပွင့်ပြီဆိုကတည်းက သားမြတ်အစုံဟာလည်း ကလေးဘဝနဲ့မတူ ပိုမိုစူပုံ့လာပါတယ်။ ဒီအချိန်မှာ သားမြတ်ထိပ်ဖူး နို့သီးခေါင်းဟာ ချိုင့်ဝင်နေသလားကြည့်ရမယ်၊ အဲဒီလိုဝင်နေရင် သာမန်ဆိုရင် မိမိဘာသာဆွဲထုတ်ပေးရုံနဲ့ ကောင်းသွားမှာပါ။ မရမှ ကျန်းမာရေးဝန်ထမ်းနဲ့ပြရမှာပေါ့။ သားမြတ်ရဲ့ လေးဘက်လေးတန်ကို မိမိဘာသာ စမ်းကြည့်ဖို့လိုပါတယ်။ အဲဒီအချိန်မှာ အဖုအကျိတ်ရှိရင် ဆေးဘက်ဆိုင်ရာကို ချက်ချင်းပြရပါမယ်။

"နောက်ပြီး အိမ်ထောင်ကျပြီး ကိုယ်ဝန်ရှိပြီဆိုရင်လည်း မိမိသားမြတ်ကို သန့်ရှင်းစေဖို့ ရေချိုးတိုင်း ဆေးကြောပေးဖို့၊ အပျိုဖော်ဝင်စကစပြီး လုပ်ခဲ့သလို နို့သီးခေါင်းများကို ပြုပြင်ပေးဖို့လိုပါတယ်။

"အစာအာဟာရပိုင်းမှာလည်း အပျိုဖော်ဝင်စအရွယ်ကတည်းကစပြီး သံဓာတ်အားကြွယ်ဝတဲ့ အစားအစာတွေဖြစ်တဲ့ အစိမ်းရောင် ဟင်းသီးဟင်းရွက်၊ အသည်း၊ အသားငါး၊ နို့ စတာတွေကို စားပေးဖို့၊ အစာအာဟာရ အုပ်စုကြီး သုံးခုစလုံး မျှတစွာစားဖို့၊ အိမ်ထောင်ကျပြီး ကိုယ်ဝန်ရှိလာတဲ့အခါ သံဓာတ်အားမချို့တဲ့စေရန် ပိုမိုအားစိုက်ကြိုးပမ်းဖို့၊ စားနေကျအစားအစာ အာဟာရတွေကို ကိုယ်ဝန်မရှိခင်ကထက် ပိုမိုစားဖို့၊ အဆီလွန်ကဲတဲ့အစာ၊ အငန်လွန်ကဲတဲ့ အစာတွေကို ရှောင်ဖို့လိုပါတယ်။

"ကလေးမွေးပြီးပြီးချင်း နာရီဝက်အတွင်း နို့ဦးရည်ကစပြီး မိခင်နို့ ဝင်အောင်တိုက်ရတဲ့အခါမှာ မွေးကင်းစကလေးကို မိခင်ရင်ဘတ်ပေါ်မှာ တင်ပြီး မိခင်နဲ့ကလေး အသားချင်းထိကာ နို့စစို့စေဖို့ နို့နှစ်ဖက် ပြောင်းပြောင်းတိုက်ပေးဖို့ နို့တိုက်ပြီးတိုင်းကလေးကို အနီးနဲ့စနစ်တကျထုပ်၊ ကလေးဦးခေါင်းလေးကို မိမိဘယ်ဘက်လက်မနဲ့ လက်ညှိုးကြား မြှောက်ထား၊ ကလေးကျော ဘယ်ဘက်အခြမ်း အစာအိမ်ရှိရာနေရာကိုမှန်းပြီး မိမိညာလက်ဖဝါးနဲ့ ပုတ်ပြီး လေထုတ်ပေးဖို့လိုပါတယ်။

"သာမန်အားဖြင့်တော့ အခုလို အပျိုဖော်ဝင်စကနေ ကလေးရသည်အထိ အဆင့်ဆင့်ဆောင်ရွက်ရမယ့်အချက်တွေကို စနစ်တကျ လိုက်နာရင် ကလေးနို့မဝတဲ့ ပြဿနာမရှိနိုင်တော့ပါဘူး။ ဒါနဲ့မှ မအောင်မြင်သေးဘူးဆိုရင်လည်း မိမိသဘောနဲ့ နို့ဘူးချက်ချင်း ပြောင်းမတိုက်ဘဲ ကျန်းမာရေးဝန်ထမ်းနှင့် တွေ့ဆုံပြသ၊ အကြံဉာဏ်ရယူကာ ဆက်လက်ဆောင်ရွက်သင့်ပါတယ်"

ဟူ၍ ကျွန်တော်ပြည့်စုံစွာ တုံ့ပြန်ဖြေကြားခဲ့ရပေသည်။ ဤဖြစ်စဉ်အမေးအဖြေမှာ မိခင်တိုင်းအတွက်၊ ဖခင်တိုင်းအတွက်၊မိသားစုဝင်တိုင်းအတွက်၊ စေတနာ့ဝန်ထမ်းတိုင်းအတွက် သိရှိလိုက်နာ လက်ခံကျင့်သုံးရန် လိုအပ်သည်ဟု ယူဆမိသဖြင့် ရေးသား တင်ပြရခြင်းဖြစ်ပါသည်။ အမျိုးသမီးတိုင်းအား ကိုယ်ဝန်ဆောင်စဉ် ထောက်ပံ့ကူညီဖေးမခြင်းဖြင့် သူမထံတွင်ရှိနေသော စိတ်ပိုင်းဆိုင်ရာဖိအားများကို လျော့ကျစေနိုင်ပါသည်။ အလားတူပင် မွေးဖွားစဉ်နှင့် မွေးဖွားပြီးစအချိန်တွင် ထောက်ပံ့ကူညီဖေးမခြင်းဖြင့် အားဖြည့်ကူညီရာ ရောက်ပေသည်။ လူ့အသိုင်းအဝိုင်း၏ ထောက်ပံ့ကူညီဖေးမခြင်းဖြင့် မိခင်၏ မိမိကလေးအား စနစ်တကျ နို့ချိုတိုက်ကျွေးရေးကို မွေးကင်းစမှ ခြောက်လအတွင်းသာမက လချီနှစ်ပေါက် ထိရောက်စွာ တိုးမြှင့် တိုက်ကျွေးသွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၌ ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်နေ့)တွင် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပခဲ့သည်။ အစည်းအဝေးတွင် သဘာပတိများက အမှာစကားပြောကြားခြင်း၊ အလုပ်အမှုဆောင်အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို တင်သွင်းဖတ်ကြားခြင်း၊ နယ်သစ္စာဒီပကဝိပဿနာအဖွဲ့ခွဲ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြခြင်း၊ အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ခြင်းများ ပြုလုပ်ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၂၀	၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀	၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀	၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။ နိုင်ငံတကာသတင်း
၆း၂၀	၁၂။ အမျိုးသားရေးတေးကဗျာ
	၁၃။ အနုပညာရှင်၏ တစ်နေ့တာ
၆း၂၅	၁၄။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၁၉)**
၆း၄၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စံပါပဲ အပိုင်း (၄)**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။ မိုးလေဝသသတင်း
	၁၉။ အမျိုးသားရေးတေးကဗျာ
	၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာ သဒ္ဒါ မြတ်ကျမ်းစာ(၆)
	၂၁။ ကုန်သွယ်သုတ
	၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၃၇)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ဆက်လက်၍ရန်ကုန်တိုင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းက စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်ကမိုးစပါးနှင့် တစ်မိုးနှစ်သီးစိုက်ဧကများ ပိုမိုတိုးချဲ့ရေး၊ စိုက်ပျိုးရေးပန်းတိုင် အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာ ပိုမိုတွင်ကျယ်စွာ အသုံးပြုရေး၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ အသုံးပြုရေးနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မိမိတို့ခရိုင်အလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များအမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၆

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး ၁၅ ပါး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သင်ကြား၊ စီမံဆရာတော် ၆၃ ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် သံဃာတော် ၃၃၂ ပါးတို့အား သနန္တန ဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်က ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတ သိရီဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဟိန္ဒူသမီးပျိုလေးများက မင်္ဂလသုတ်ကို ရွတ်ဖတ်ပူဇော်ကြကာ အတွင်းရေးမှူး ဦးစိုးမြက အဖွဲ့ချုပ်က ဆောင်ရွက်နေသော ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို လျှောက်ထားသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား အမှုဆောင်များနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဦးတီ၊ ကေ၊ ပေါ်(လ်)နှင့်အဖွဲ့က ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း လပွတ္တာနှင့် မြောင်းမြမြို့ရှိ ကယ်ဆယ်ရေးစခန်းများ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်ဝင်း၊ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်တာဝန်ခံ ဆရာဝန် Dr.Nahal Singh တို့ လိုက်ပါလျက်ဩဂုတ် ၂ ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ ငါးမိုင် လေဘေးကယ်ဆယ်ရေးစခန်း၊ သုံးမိုင် လေဘေးကယ်ဆယ်ရေးစခန်းနှင့် လပွတ္တာမြို့ ပြည်သူ့ဆေးရုံတို့သို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့နယ် ငါးမိုင် လေဘေးကယ်ဆယ်ရေး စခန်းသို့ရောက်ရှိပြီး လေဘေးသင့် ပြည်သူများ သောက်ရေ၊ သုံးရေရရှိသုံးစွဲမှုအခြေအနေနှင့်ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးစခန်းရှိ မိသားစုများ၏ စွန့်ပစ်ပစ္စည်း အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သွားရန် ဝန်ကြီးက တာဝန်ရှိသူများအား မှာကြားပြီး ငါးမိုင် လေဘေးကယ်ဆယ်ရေးစခန်းနေ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

နှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သုံးမိုင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆေးခန်းစီစဉ် ဆောင်ရွက်ဖွင့်လှစ်ထားရှိမှု၊ အလုပ်သင်ဆရာဝန်များ အင်အားဖြည့် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ သောက်သုံးရေများ စနစ်တကျ သို့လှောင်ဖြန့်ဖြူးမှု အခြေအနေနှင့် စေတနာရှင်၊ အလှူရှင်များ လှူဒါန်းထားသော ရေသန့်စင်စက်များ အသုံးပြု တပ်ဆင်သုံးစွဲမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အမျိုးသမီးလူနာကုသဆောင်၊ အမျိုးသားလူနာကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည်လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကို၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည်ဩဂုတ် ၃ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့ရှိ သတ္တမနေ့ဥပုသ်အသင်းကျမ်းစာသင်ကျောင်းသို့သွားရောက်၍ကျမ်းစာသင်ကျောင်း ဆေးခန်းနှင့် စားဖိုဆောင်အတွင်း သန့်ရှင်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကျမ်းစာသင်ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုမြို့နယ် ကျန်းမာရေးဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအား အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်ဝန်ကြီးသည် မြောင်းမြခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်နှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် လပွတ္တာမြို့နယ် သုံးမိုင်ကယ်ဆယ်ရေးစခန်းတွင် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(ကျန်းမာရေး)

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့ရှိ လူငယ်အားမာန်သင်တန်းကျောင်း မြကျွန်းရွှေဝါခန်းမ၌ မိဘမဲ့ကလေးများအား တွေ့ဆုံ၍ သင်တန်းကျောင်း တာဝန်ခံအား လူငယ်များအတွက် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားပြီး ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်ဝင်းက မိဘမဲ့ကလေးများအတွက် အလှူငွေများနှင့် အဝတ်အထည်များ၊ စာရေးကိရိယာများ၊ အစားအသောက်နှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မြင်းမိုရ်အိမ်ရာနေ ဇနီး ဒေါ်စောဝင်းအား ရည်စူး၍ ဦးသောင်းကြည်၊ သား၊ သမီး မြေးတစ်စုတို့က လေးထပ် ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဆွေးနွေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့ နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်တို့ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ခင်မင်ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားနှင့် အတူ အကြံပေး ပုဂ္ဂိုလ်များဖြစ်ကြသည့် Mr. Abdularahman Salem Alateeqi နှင့် Dr. Ismail Khudar Alshatti ၊ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Khaled Abdullah Hamad Alsaqar၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mustafa Jassim Al-Shamali၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Undersecretary H.E. Ambassador Khaled Sulaiman Al-Jarrallah ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Abdulatif Al-Mawash နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ကူဝိတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-ကူဝိတ် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်း ဖလှယ်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ကူဝိတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mustafa Jassim Al-Shamali တို့သည် "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အားပေးရေးနှင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်" နှင့် "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်" တို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Undersecretary H.E. Ambassador Khaled Sulaiman Al-Jarrallah တို့သည် "ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ကူဝိတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr.Mustafa Jassim Al-Shamali တို့ "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အားပေးရေးနှင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်" နှင့် "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား စီးပွားရေးနှင့်နည်းပညာပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်" တို့ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Undersecretary H.E. Ambassador Khaled Sulaiman Al-Jarrallah တို့ "ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

အာရှတိုက်၏

**အာရှတိုက်အတွက် ဂုဏ်ယူစ...
နွေရာသီအိုလံပစ်အားကစားပွဲကို တ...
မြို့၌ ဩဂုတ် ၈ ရက်မှ စတင်ကျင်း...
မှ အားကစားအဖွဲ့များ စုံစုံညီညီ ...**

ပေကျင်း အိုလံပစ်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှ အားကစားသမားဦးရေ ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ပြီး မီဒီယာသမားများကလည်း ဦးရေ၂၀၀၀၀ကျော် တက်ရောက် သတင်းရယူ ရေးသားထုတ်လွှင့်ကြ မည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာမှ နိုင်ငံ့ အကြီးအကဲများလည်း တက်ရောက် ကြမည်ဖြစ်ရာ ပေကျင်း အိုလံပစ် ပွဲကြီး၏ ကြီးကျယ်ခမ်းနားမှုကို မှန်းဆပုံဖော် ရှုမြင်နိုင်ကြမည်ဖြစ် သည်။

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် အိုလံပစ်ပြိုင်ပွဲဝင်မည့် တရုတ် အားကစားသမားများ၊လုပ်အားပေး

ဆွေးနွေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့ နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ဆွေးနွေးပွဲအပြီးတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ကူဝိတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mustafa Jassim Al-Shamali တို့သည် "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အားပေးရေးနှင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်" နှင့် "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်" တို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Undersecretary H.E. Ambassador Khaled Sulaiman Al-Jarrallah တို့သည် "ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှု ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့ နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ရှိတ်နာဆာအယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ **"မမြင်ကွယ်ရာ" (မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မတူး) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ မြန်မာစာ၊မြန်မာစကား
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၅ ၅။ အတီးပြိုင်ပွဲ
- ၄း၅၅ ၆။ တေးဂီတအစီအစဉ်
- ၅း၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ **"လာအတူသွားကြစို့" (ကျော်သက်လင်း၊ ဝင်းထွဋ်အောင်၊ ထိုက်ထိုက်သင်း) (ဒါရိုက်တာ-စိန်သန်းဦး)**
- ၆း၅၀ ၁၃။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၁၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၇)**
- ၁၉။ အစီအစဉ်ပြီး၏။

အာရှတိုက်၏ ဂုဏ်ယူဝင့်ကြွားစရာ ပေကျင်းအိုလံပစ်

ဇာနည်ဦး

အာရှတိုက်အတွက် ဂုဏ်ယူစရာ ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သည့် နွေရာသီအိုလံပစ်အားကစားပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၈ ရက်မှ စတင်ကျင်းပတော့မည်ဖြစ်ရာ နိုင်ငံတကာမှ အားကစားအဖွဲ့များ စုံစုံညီညီ ရောက်ရှိနေကြပြီဖြစ်သည်။

ပေကျင်း အိုလံပစ်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်မှ အားကစားသမားဦးရေ ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မီဒီယာသမားများကလည်း ဦးရေ၂၀၀၀၀ကျော် တက်ရောက်သတင်းရယူ ရေးသားထုတ်လွှင့်ကြမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာမှ နိုင်ငံ့အကြီးအကဲများလည်း တက်ရောက်ကြမည်ဖြစ်ရာ ပေကျင်း အိုလံပစ်ပွဲကြီး၏ ကြီးကျယ်ခမ်းနားမှုကို မှန်းဆပုံဖော် ရှုမြင်နိုင်ကြမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် အိုလံပစ်ပြိုင်ပွဲဝင်မည့် တရုတ်အားကစားသမားများ၊လုပ်အားပေးများ၊ ဝန်ထမ်းများအား ဩဂုတ် ၃ ရက်က သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပေကျင်းအိုလံပစ်ပွဲကြီး ပြီးဆုံးသွားသော်လည်း ပေကျင်းမြို့၏ လှပသန့်ရှင်းမှုကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားသွားသည်။

ပေကျင်း အိုလံပစ်ပွဲကြီးတွင် အိမ်ရှင်တရုတ်နိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ အားကစားသမားများ၊မီဒီယာများအားဧည့်ဝတ်ကျေပွန်အောင်၊လစ်ဟင်းမှုမရှိအောင် အဘက်ဘက်ကပြင်ဆင်ဆောင်ရွက်ထားရာ ပြိုင်ပွဲကြီး၌ လုပ်အားပေးမည့် သူများကပင် ဦးရေ ၇၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲ အစမ်း မလေ့ကျင့်မီ လုပ်အားပေးလူငယ်များကို အမျိုးသားအားကစားရုံရှေ့၌ တွေ့ရစဉ်။

ဤမျှ ကြီးကျယ်ခမ်းနားသော၊ အာရှတိုက်၏ ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်သော ပေကျင်းအိုလံပစ်ပွဲကြီး အတွက် တရုတ်အစိုးရက ဒေါ်လာသန်းပေါင်း ဘီလီယံ ၄၀ခန့် အကုန်အကျခံဆောင်ရွက်ထားရာ အိုလံပစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် စံချိန်တင် ငွေကြေးပမာဏဖြစ်ကြောင်း သိရှိရသည်။ ။

ပေကျင်းအိုလံပစ် ဘောလုံးပြိုင်ပွဲ ယနေ့ စတင်မည်

ပေကျင်း ဩဂုတ် ၆

၂၀၀၈ ခုနှစ် (၂၉)ကြိမ်မြောက် ပေကျင်း အိုလံပစ်ပြိုင်ပွဲ ဘောလုံးပွဲစဉ်များကို ဩဂုတ် ၇ ရက် (ကြာသပတေးနေ့)တွင် စတင်ကျင်းပမည်ဖြစ်ရာ အဖွင့်ပွဲစဉ်များအဖြစ်- **ဘရာဇီး နှင့် ဘယ်လ်ဂျီယံ တရုတ် နှင့် နယူးဇီလန် ဟွန်ဒူရပ်စ် နှင့် အီတလီ တောင်ကိုရီးယားနှင့် ကင်မရွန်း ဩစတြေးလျနှင့် ဆားဘီးယား အိုင်ဗရီကို့စ်နှင့် အာဂျင်တီးနား ဂျပန်နှင့် အမေရိကန် ဟော်လန်နှင့် နိုင်ဂျီးရီးယား** တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အင်တာနက်။

ပေကျင်းအိုလံပစ်ပြိုင်ပွဲဝင် မြန်မာအဖွဲ့

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း (၄)မျိုး၌ အားကစားသမားခြောက်ဦး ပါဝင်ယှဉ်ပြိုင်မည်။ နေမျိုးအောင်(မြားပစ်)၊ ရွှေဇင်လတ်(လှေလှော်)၊ ဘုန်းမြင့်တေဇာ(ကနူးကယက်)၊ စိုးမင်းသူ၊ လဲ့လဲ့ဝင်း(ပြေးခုန်ပစ်)နှင့် ကျော်ဇင်(ရေကူး)တို့ ဖြစ်သည်။

ပုဂံမြို့ သဗ္ဗညုစေတီတော်ကြီး ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်

နေပြည်တော် ဩဂုတ် ၆

ပုဂံမြို့ဟောင်း ဉာဏ်တော် ၂၀၁ ပေရှိ သဗ္ဗညုစေတီတော်ကြီးအား ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ ရွှေသင်္ကန်းအလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန်အတွက် အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်-

သဗ္ဗညုကျောင်း၊ ပုဂံမြို့	-	**ဖုန်း-၀၆၁-၆၀၀၈၈**
သဗ္ဗညုစေတီတော်၊ ဂေါပကအဖွဲ့၊ ပုဂံမြို့	-	**ဖုန်း-၀၆၁-၆၀၈၅၄**
ဦးစံရွှေအောင်၊ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ နေပြည်တော်	-	**ဖုန်း-၀၆၇-၄၀၇၁၅၈**

(သတင်းစဉ်)

၂၀၀၈ - ၂၀၀၉ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်မှ (၁၅) ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရုံးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၉၂ ခုနှစ်မှစပြီး နှစ်စဉ် ဩဂုတ်လ ၁ ရက်မှ ၇ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ကမ္ဘာနှင့်အဝန်း၌ အခမ်းအနားများ၊ လှုပ်ရှားမှုများဖြင့် ဂုဏ်ပြုကျင်းပနေကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၌လည်း အစဉ်အလာမပျက် နှစ်စဉ်ဆက်တိုက်ကျင်းပခဲ့ရာ ယနေ့ကျင်းပသည့်အခမ်းအနားသည် ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆဋ္ဌမနေ့လှုပ်ရှားမှုတစ်ရပ်ပင်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး တစ်မျိုးသားလုံး ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန် စီမံကိန်း၊ စီမံချက်အမျိုးမျိုးကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိခင်နို့ စနစ်တကျတိုက်ကျွေးသည့် စီမံချက်လည်း အဓိကလုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်ကြောင်း။

မြန်မာနိုင်ငံ၌ ယင်းစီမံချက်ကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှစတင် အကောင်အထည်ဖော်ခဲ့ကြောင်း၊ ယခုနှစ်အထိ မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများ (Baby Friendly Hospital Initiative) အဖြစ် ဆေးရုံပေါင်း ၄၄၅ ရုံကိုလည်းကောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး (အိမ်တွင်မွေးဖွားခြင်း) မြို့နယ်ပေါင်း ၁၅၉မြို့နယ်ကို လည်းကောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံ၊ မြို့နယ်များ (Baby Friendly Home Delivery) အဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကျန်းမာသန်စွမ်းကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာစေရေးကို သမိုင်းပေး တာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့ကြွရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကပါ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူလက်တွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မိခင်နို့ စနစ်တကျတိုက်ကျွေးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းအစီအစဉ်များရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ (Planning Workshop) ကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင် လူထုလက်တွေ့ဟောပြောနည်း သင်တန်းဆင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးကျင်းပသော လူထုလက်တွေ့ဟောပြောနည်း သင်တန်းဆင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးကျင်းပသော လူထုလက်တွေ့ဟောပြောနည်း သင်တန်းဆင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများဖြစ်ကြသော ဦးကျော်(အောင်မြတ်ကျော်)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့အား ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်က ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သော သင်တန်းမှာ သင်တန်းကာလ နှစ်ရက်ကြာမြင့်ခဲ့ပြီး ရန်ကုန်တိုင်း ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် အင်အား ၁၅၀ သင်တန်းတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားအတွက် အစမ်းလေ့ကျင့်မှု မပြုလုပ်မီ အမျိုးသားအားကစားကွင်း အပြင်ဘက်မြင်ကွင်းကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

အရန်ရေနံများ ထုတ်သုံးရန် အိုဘားမားအဆိုပြု

လန်စင်း(မီချီဂန်) ဩဂုတ် ၅

အမေရိကန် ပြည်ထောင်စုတွင် ရေနံဈေးနှုန်းများ လျှော့ချနိုင်စေရန် အထောက်အကူ ပြုသည့်အနေဖြင့် မဟာဗျူဟာ အရန်ရေနံများကို ထုတ်သုံးရန် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုဘားမားက တနင်္လာနေ့တွင် အဆိုပြုလိုက်သည်။

အမေရိကန်သမ္မတလောင်း ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးကြရာတွင် စွမ်းအင်ဆိုင်ရာ ကုန်ကျစရိတ်များ တက်လာခြင်းကို အဓိကထားဟောပြောလာကြသည်။ ထိုသို့ ဟောပြောရာ၌ အိုဘားမားက ပြိုင်ဘက်ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း ဂျွန်မက်ကိန်းကို ရေနံကုမ္ပဏီများ၏လက်ကိုင်တုတ်အဖြစ်ခေါ်ဝေါ်သုံးနှုန်းလိုက်သည်။ မီချီဂန်၌ မိန့်ခွန်းပြောကြားရာ၌ ဓာတ်ဆီချက်ရာတွင် အဆင်ပြေချောမွေ့စေရန် အမေရိကန်၏ အရေးပေါ်သိုလှောင်ထားသော ရေနံများမှ ရေနံစည်ပေါင်း သန်း ၇၀ ကို ထုတ်ယူသုံးစွဲရန် အဆိုပြုခဲ့သည်။

မက်ကိန်းက ကမ်းလွန်ဒေသများတွင် ရေနံတူးဖော်ခြင်းနှင့် နျူကလီးယားစွမ်းအင်ကို ဆန့်ကျင်သော အိုဘားမားကို ပြန်လည်ဝေဖန်တိုက်ခိုက်သည်။ ကွန်ဂရက်အမတ်များနှင့် အိုဘားမားတို့အား နွေရာသီအပန်းဖြေအနားယူရာမှ နိုင်ငံအတွင်း ပေါ်ပေါက်နေသောစွမ်းအင်ပြဿနာ၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဝါရှင်တန်သို့ ပြန်လာကြရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

၁၉၉၄ ခုနှစ် ရဝမ်ဒါမျိုးဖြုတ်သတ်ဖြတ်မှု ပြင်သစ်ထိပ်တန်းတာဝန်ရှိသူများ ပါဝင်ပတ်သက်ဟုဆို

ကီဂါလီ ဩဂုတ် ၆

ကွယ်လွန်သူ ပြင်သစ်သမ္မတ ဖရန်စွာမီးတရောင်းနှင့် ဝန်ကြီးချုပ်ဟောင်း ဒိုမီနစ်ဒီဗီလက်ပီ အပါအဝင် ပြင်သစ်ထိပ်တန်းတာဝန်ရှိသူများသည် လူပေါင်း ၈၀၀၀၀၀ အသက်ဆုံးရှုံးခဲ့ရသည့် ၁၉၉၄ ခုနှစ် မျိုးဖြုတ်သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်နေကြောင်း ရဝမ်ဒါနိုင်ငံက ဩဂုတ် ၅ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

၁၉၉၆ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ဖရန်စွာမီးတရောင်းမှာ ၁၉၉၄ခုနှစ် ရဝမ်ဒါမျိုးဖြုတ်သတ်ဖြတ်စဉ်က ပြင်သစ်နိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တာဝန်ရှိသူများက အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် စွပ်စွဲချက်များကို လေ့လာနေဆဲဖြစ်ပြီး ချက်ချင်း တစ်စုံတစ်ရာဝေဖန်ခြင်းမပြုကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

မျိုးဖြုတ်သတ်ဖြတ်မှုကိုဦးဆောင်ခဲ့သည့် ယခင်အစိုးရလက်ထက်က တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များကို ပြင်သစ်နိုင်ငံက လေ့ကျင့်ပေးပြီး လက်နက်များ တပ်ဆင်ပေးခဲ့ကြောင်း ရဝမ်ဒါအစိုးရနှင့်တကွ မျိုးဖြုတ်သတ်ဖြတ်ခံရမှုတွင် အသက်မသေ ကျန်ရစ်သူများအသင်းတို့က မကြာခဏ စွပ်စွဲပြောကြားခဲ့သည်။ သို့သော် ယခုနောက်ဆုံးစွပ်စွဲချက်များမှာ အသေးစိတ်အကျဆုံးဖြစ်သည့်အပြင် ထိပ်တန်းပြင်သစ်တာဝန်ရှိပုဂ္ဂိုလ်များကိုပါ ဖော်ပြထားကြောင်း သိရှိရသည်။

၁၉၉၄ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိကြာသည့် မျိုးဖြုတ်သတ်ဖြတ်စဉ်အတွင်း ဟူတူပြည်သူ့စစ်များက လူနည်းစုတွတ်ဆီများနှင့် နိုင်ငံရေးအရ သဘောထားပျော့ပျောင်းသည့် ဟူတူများကိုပါ သတ်ဖြတ်ခဲ့သည်။

တွတ်ဆီများနှင့် ၎င်းတို့ကိုဝှက်ထားသည်ဆိုသော ဟူတူများကိုသတ်ဖြတ်ရာတွင် ပြင်သစ်စစ်သားများ ကိုယ်တိုင် ပါဝင်နေကြောင်း ရဝမ်ဒါအစီရင်ခံစာ၌ ပါရှိသည်။ ထိုအစီရင်ခံစာကို အစိုးရခန့်သည့် တရားရေး ဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးသူများအဖွဲ့က ပြုစုခြင်းဖြစ်သည်။ ပြင်သစ်စစ်သားများသည် အဓမ္မပြုကျင့်မှု၊ အထူးသဖြင့် တွတ်ဆီအမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုများ ကျူးလွန်ခဲ့ကြောင်း ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံက နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးနှင့် အကူပစ္စည်းများပါ ထောက်ပံ့ကူညီကြောင်း စွပ်စွဲထားသည့် အစီရင်ခံစာနိဂုံးပိုင်းတွင် ဖော်ပြသည့် နာမည်စာရင်းတွင် မစ္စတာဖရန်စွာမီးတရောင်းနှင့် မစ္စတာဗီလက်ပီတို့၏ အမည်များ ပါဝင်ခြင်းဖြစ်သည်။

သူ့နိုင်ငံအနေဖြင့် စွဲချက်များချက်ချင်းထုတ်ရန် အစီအစဉ်မရှိကြောင်း၊ သို့သော် တစ်ဦးချင်း သို့မဟုတ် နိုင်ငံအလိုက်စွပ်စွဲချက်များတင်နိုင်ရေးအတွက် အစီရင်ခံစာကို အခြေခံနိုင်ကြောင်း ရဝမ်ဒါတရားရေးဝန်ကြီး သာစစ်ကာရူဂါရာမာက ပြောကြားသည်။

ရဝမ်ဒါလူသတ်ပွဲတွင် ပြင်သစ်နိုင်ငံတာဝန်ရှိမှုနှင့်စပ်လျဉ်း၍ ပြင်သစ်ပါလီမန်အဖွဲ့တစ်ဖွဲ့က ၁၉၉၈ခုနှစ်တွင် အပြစ်မရှိကြောင်း ကြေညာသည်။

သို့သော် ရဝမ်ဒါနိုင်ငံကို ၁၉၉၀ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ အုပ်ချုပ်သည့် အစွန်းရောက်အစိုးရကို အဆက်ဆက်သော ပြင်သစ်အစိုးရများက သံတမန်ရေးနှင့် စစ်ရေးအကူအညီများပေးခဲ့ကြောင်း ပြင်သစ်အမတ်များက ပြောကြားသည်။

အမ်အင်အေ၊အေပီ။

တောင်ကိုရီးယားက အရှေ့မြောက်အာရှတွင် ရေနံလုပ်ငန်း အချက်အချာဖြစ်ရန် ရည်ရွယ်

ဆိုးလ် ဩဂုတ် ၅

တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွန်းလာရန်နှင့် အရှေ့မြောက်အာရှဒေသတွင် ရေနံနှင့်ပတ်သက်သော အချက်အချာ နိုင်ငံဖြစ်လာရန် ရည်မှန်းကြောင်း ဒုတိယ စီးပွားရေးဝန်ကြီး လီဂျေးဂျုန်က တနင်္လာနေ့တွင် ပြောကြားသည်။

ရေနံချက်လုပ်ခြင်း၊ သင်္ဘောဖြင့် သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်ဟု လီဂျေးဂျုန်ကပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ရေနံသုံးစွဲမှုများပြားသည့် ဈေးကွက်ကြီးများဖြစ်သော တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့နှင့်နီးကပ်စွာတည်ရှိပြီးမြောက်ပစိဖိတ်ဒေသ သင်္ဘောသွားလာရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့် နိုင်ငံလည်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေနံလုပ်ငန်း အချက်အချာနေရာအဖြစ် သင့်တော်သည့်ဒေသဖြစ်ကြောင်း လီကပြောကြားသည်။ ထို့အပြင် စီမံကိန်း၏ ရှေ့ပြေးအဖြစ် ယိုးဆူတွင် ရေနံစည်ပေါင်းခြောက်သန်းသိုလှောင်နိုင်သည့် စွမ်းအားအထိ တိုးမြှင့်ရန်အတွက်လည်းရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာသန်း ၃၂၀ရှာဖွေသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှသိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ အေအိုင်ဒီအက်စ်ညီလာခံ မက္ကဆီကို၌ ကျင်းပ

မက္ကဆီကိုစီးတီး ဩဂုတ် ၅

နှစ်သောင်းငါးထောင်ခန့်မျှသော သိပ္ပံပညာရှင်များ၊ မူဝါဒရေးဆွဲသူများနှင့်ကျွမ်းကျင်မှုဆိုင်ရာသမားတော်များ ပါဝင်သော (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေး ညီလာခံကို မက္ကဆီကို မြို့တော်တွင် တနင်္ဂနွေနေ့က ကျင်းပခဲ့သည်။ ပိုမိုကောင်းမွန်သော နည်းလမ်းများ ရှာဖွေခြင်းဖြင့် ရောဂါကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလေ့ရှိသော အဆိုပါညီလာခံသည် လက်တင်အမေရိက နိုင်ငံတွင် ပထမဆုံးကျင်းပသော အစည်းအဝေးဖြစ်သည်။ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် အဓိက ဦးတည်ချက်မှာ ခုခံအားကျဆင်းမှုရောဂါနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာမှ မြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်ရေးဟူ၍ဖြစ်သည်။

လွန်ခဲ့သောနှစ်က အိတ်ဒ်စ်ရောဂါဖြင့် လူပေါင်း ၂ဒသမ၁သန်းသေဆုံးခဲ့ရသည်။ ကမ္ဘာတစ်ဝန်းတွင်လည်း လူပေါင်း ၃၃ သန်းသည် အိတ်ဒ်စ်ရောဂါ ကူးစက်ခံစားနေရသည်ဟု ကမ္ဘာ့ကုလသမဂ္ဂ အစီရင်ခံစာက ဖော်ပြသည်။

လက်တင်အမေရိကနိုင်ငံများတွင် အသက်၁၅နှစ်မှ၂၄နှစ်ကြားရှိလူငယ်ငါးသိန်းခန့်သည် ခုခံအားကျဆင်းမှုရောဂါပိုး ကူးစက်ခံနေရသည်။ ထိုကိန်းဂဏန်းသည် ၂၀၀၆ ခုနှစ် စစ်တမ်းအရ ငါးရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က ပြောကြားသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါခံစားနေရသော လူဦးရေ ၃၃ သန်းတွင် ၅ဒသမ၅ရာခိုင်နှုန်းမှာ ဆယ်ကျော်သက်များနှင့် အရွယ်ရောက်ပြီးသူများဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ပိုင်းပစိဖိတ်သမုဒ္ဒရာ ဘန်ဒါအာချေးဒေသ၌ ရေလုပ်သားတစ်ဦး ၎င်းဖမ်းဆီးရမိလာသော ငါးမည်းလုံး ငါးကြီးအား သယ်ဆောင်လာသည်ကို ဩဂုတ် ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အပူပိုင်းမုန်တိုင်း တက္ကဆက်ကမ်းခြေသို့ ဝင်ရောက်

ဟူစတန် ဩဂုတ် ၆

လေတိုက်နှုန်း တစ်နာရီလျှင် ၆၅ မိုင်နှုန်းအထိ ပြင်းထန်သော အပူပိုင်းမုန်တိုင်း အက်ဒွပ်သည် ဩဂုတ် ၅ ရက်က အမေရိကန်နိုင်ငံအထက်ပိုင်း တက္ကဆက်ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်သွားသည်။

မုန်တိုင်းကြောင့် သဘာဝဘေးမဲ့တောတွင် မိုးများစွာ ရွာသွန်းခဲ့သော်လည်း အရေးပါသော စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို တစ်စုံတစ်ရာ ထိခိုက်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ယင်းမုန်တိုင်းသည် မက်ဖာဒင် အမျိုးသား သဘာဝဘေးမဲ့တောသို့ရောက်သောအခါ ဟာရီကိန်းအဆင့်မုန်တိုင်းမျိုး မဟုတ်တော့သော်လည်း မိုးသည်းထန်စွာရွာသွန်းစေခဲ့သည်။ ၎င်းမုန်တိုင်းသည် ယခုနှစ်အတွက် အတ္တလန္တိတ်ဒေသ ဟာရီကိန်းရာသီတွင် ပဉ္စမမြောက် ဖြစ်ပေါ်လာသော မုန်တိုင်းဖြစ်သည်။

အက်ဒွပ်မုန်တိုင်းသည် တက္ကဆက် အလယ်ပိုင်းသို့ ဝင်ရောက်သွားသောအခါ အင်အားပျော့ ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရကြောင်း မီယာမီမုန်တိုင်း လေ့လာစောင့်ကြည့်ရေးဌာနက ခန့်မှန်းသည်။ ထိုမုန်တိုင်းကြောင့် အထိအခိုက် အသေအပျောက် သတင်းမရရှိကြောင်း သိရသည်။ မက်ဖာဒင်အမျိုးသားသဘာဝ ဘေးမဲ့တောသည် တက္ကဆက်ပြည်နယ်ရှိ အကြီးဆုံးရေချိုနွံ့အိုင်နယ်မြေဖြစ်ပြီး ရာသီအလိုက် ရွှေ့ပြောင်းလာသော ရေပျော်ငှက်များ ကျက်စားရာအရပ်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တူရကီနိုင်ငံ တောင်ပိုင်း အင်ကာရာ ပြည်နယ်တွင် တောမီးလောင်နေသည်ကို ဩဂုတ် ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

TOTAL Kids School
"School is the best party in town"
★ မူကြို (၂ - ၆ နှစ်အတွင်း)
★ စနေ–တနင်္ဂနွေ တန်းခွဲ (၂ - ၁၄ နှစ်အတွင်း)
ကျောင်းခွဲသစ်ဖြစ်သော 23(A) တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းတွင် လာရောက်ကြည့်ရှု
လည်ပတ်ရင်း ကလေးများအတွက် ထူးထူးခြားခြားလက်ဆောင်များကို ရယူနိုင်ပါပြီ။
ပုဇွန်တောင် – ၅၅ အနော်ရထာလမ်း(၂၂လမ်းထောင့်) – 296552 293754
စမ်းချောင်း – ဒုတ်ဖြူလမ်း – 526456 701165
ပုလဲကွန်ဒို – F-7 (ပထမထပ်) ပုလဲကွန်ဒို – 545957 557448(849)
ဗဟန်း – 23(A) တက္ကသိုလ်ရိပ်သာလမ်း – 542357 725788

လက်မြန်သူအတွက် ကွက်ကျန်မြေကွက်

ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းတွင် ရေ၊ မီး၊ ဖုန်း၊ သီးပင်စားပင်များပါဝင်သော ၀.၄၅ ဧကရှိ မြေကွက်ကို တစ်လအတွင်း ငွေချေပါက ပေါက်ဈေးထက် ၂၀% လျှော့၍ ရောင်းမည်။ အရှုပ်အရှင်းမရှိ၊ ငွေပေါ်လျှော့ဈေးဖြင့် ရောင်းခြင်းဖြစ်သည်။

ဖုန်း – ၃၅၂၆၆၀၊ ၅၅၉၁၉၁၊ ၀၉၅၀၀၀၁၀၅၊ ၀၉၅၁၃၃၅၃၅

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၆

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၃စင်တီမီတာ(၀ဒသမ၈ပေ) ခန့်ကျော်လွန်နေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မန်တိုင်းဒဏ်သင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဖားကန့်)က မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ် ၂၀၀၅၀၀၀ ကို ယနေ့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့သို့ လာရောက်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းတွင် မိုးပိုလာနိုင်

ရန်ကုန် ဩဂုတ် ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ ဒသမ ၁၁ လက်မ၊ ရေးမြို့တွင် ၇ ဒသမ ၃၂ လက်မ၊ လောင်းလုံမြို့တွင် ၅ဒသမ ၅၉ လက်မ၊ မော်လမြိုင်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၇၆ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၇၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၂၃ လက်မနှင့် မုဒုံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ သထုံမြို့တွင် ၂ဒသမ၉၉ လက်မ၊ မော်လိုက်မြို့တွင် ၂ဒသမ ၉၁ လက်မ၊ ဂွမြို့၊ အမ်းမြို့နှင့် ဖျာပုံမြို့တို့တွင် ၂ဒသမ ၅၂ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၇ ရက် ညနေထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၅-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ်(၇၀ ဒီဂရီဖာရင်ဟိုက်)		၆-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း		၆-၈-၂၀၀၈
နေပူသည့်နာရီပေါင်း	(၃ဒသမ၀)နာရီခန့်	၅-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၆–၈–၂၀၀၈	၃၀ မမ	၂၈ မမ	၁၈ မမ
	(၁ဒသမ ၁၈လက်မ)	(၁ဒသမ ၁၀လက်မ)	(၀ဒသမ ၇၁ လက်မ)
၁–၁–၂၀၀၈ မှ	၁၆၆၀ မမ	၁၈၉၀ မမ	၂၂၈၆ မမ
ယနေ့အထိ	(၆၅ဒသမ၃၅လက်မ)	(၇၄ဒသမ၄၁လက်မ)	(၉၀ဒသမ ၀၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅-၈-၂၀၀၈ ရက် ၁၄း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

သင်ကြားမှုပီပြင်ပြီးဝင်ခွင့်အတွက်လုံးဝစိတ်ချရသော

ကံ့ကော်ရိပ်

တက္ကသိုလ်ဝင်ခွင့်ရသင်တန်းများ

နည်းပညာ၊ကွန်ပျူတာ

❖ အင်္ဂလိပ်စာ – ဦးတိုးကျော်

❖ သင်္ချာ – ဦးမျိုးဇော်

တန်းခွဲသစ်များ 11.8.08 ရက်နေ့စမည်

Mon, Tue, Wed, Thurs

ဆိပ်ကမ်းသာ - 1:00-2:30 pm

တာမွေ - 7:30-9:00 am

သင်တန်းကြေး -၂၅၀၀၀ကျပ် (နှစ်ဘာသာအပြတ်)

သင်တန်းကာလ - စာမေးပွဲဖြေသည်အထိ

(နယ်ကျောင်းသား နေရေးစားရေးစီစဉ်ပေးသည်။)

အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၈ လမ်းကြား။

အမှတ်(၃၀၇)၊ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးအနီးဗလီထိပ်မှတ်တိုင်

D FASHION

ဖက်ရှင်ဒီဇိုင်းသင်တန်း သင်တန်းသားခေါ်ယူခြင်း

Fashion Designer, Dress Maker ဖြစ်စေရမည်။

LEVEL(I)

* Fashion Design
* Skirt, Blouses, Shirts, Jacket, Coats, Trousers

သင်တန်းသားစေတင်လက်ခံပြီ။

LEVEL(II)

* Bridal Dress (ထိုင်မသိမ်း+အနောက်တိုင်းဂါဝန်)
* Lady Suits (with under Lining)
* Man Fashion
* Man Tailoring

U ဒေါ်ခင်မြင့်(B.Sc-Zoology)(Dip in Pattern Cutting & Design Singapore)နှင့် နိုင်ငံ တို့မှ စင်တီမီတာအတိုင်းအတာဖြင့် စာတွေ့လက်တွေ့သင်ကြားမည်။ * သင်တန်းသားဦးရေကန့်သတ်ထားသည်။

အမှတ်(၁၆၈)၊ ၃လွှာ(A)၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး။

Ph - 290608, 09-5034163

ဘယ်မှာသုံးသုံး အကောင်းဆုံး

T.Shirt = 600 kyats

အ	Colour T.Shirt (ရောင်စုံ)	1200
ထည်	Colour Polo Shirt (ရောင်စုံ)	1800
ဆို	Polo Shirt (မိကျောင်းသား)	2400

Free size / No Reject / Just New / Own products / Special one

မိကို 720526, 09 5141086, 09 5049148, 554229, 09 6800559, 09 9974209

သင်ပေးသလောက် သင်ပြန်ရရဲ့လား …

သင်ပေးထားတာထက် ပိုရတာကောရှိသလား …

LIVING COLOR

◆ ပြည်တွင်း၌ ဖြေဆိုနိုင်တော့မည့် GMAT စာမေးပွဲများ၊
◆ ဂေါက်သီးအားကစားသင်တန်းကျောင်းဖွင့်လှစ်မည်၊
◆ ယာဉ်နံပါတ်ပြားမထုတ်ဘဲ ရက်လွန်လျှင် ဒဏ်ကြေးအဆ ၃၀၊
◆ မုန်တိုင်းသင့်ဒေသအတွက် ဗီဒီယိုဈေးနှုန်းထက်ဝက်ခန့်လျော့၊
◆ ဒူဘိုင်းရောက်မြန်မာအလုပ်သမားများအခြေအနေ၊
◆ တိဘက်တိုဘားမန်း၊ ပြည်မြို့၊ မော်စကွာတို့၏ အဆက်အစပ်၊
◆ နေပြည်တော်ပျဉ်းမနားနှင့် မြို့ပြအင်္ဂါရပ်၊
◆ လှူအဖွဲ့အစည်းအတွက် လိုအပ်သောပေတံ၊
◆ 'ဘီ'ပိုးရှိသူတွေအတွက် လမ်းညွှန်၊
◆ အာရှနည်းပညာတက္ကသိုလ် (AIT) တွင် ပညာသင်ဆုလျှောက်ထားလိုသူများအတွက်၊
◆ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စဉ်းစားရမည့်အချက်များ၊
◆ စေတနာ့ဝန်ထမ်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀ အိုင်ဉ)၊ မြေကွက်အမှတ် (I-3/B) မြေဧရိယာ (၀. ၀၇၆) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂)၊ (၄၉)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်စောမူ [၁၂/ကမရ(နိုင်)၀၃၃၂၀၃] အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

အမှတ်-၁၇၆/၁၇၈၊ (ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၂၉၆၁၃၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆

မိုးညှင်းအရှင်ဇနကာ (ရွှေဘို) တရားပွဲ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် မိုးညှင်းအရှင်ဇနကာ (ရွှေဘို)သည် (၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်) ၉-၈-၂၀၀၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ဈေးလမ်း (မြေနီကုန်းဓမ္မာရုံကြီးတွင်) ကျေးဇူးရှင် မိုးညှင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်မြင် ဝိပဿနာတရားစဉ်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဆုထူးပန်အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၆

ဆုထူးပန် အဘိဓမ္မာသင်တန်းကို ဩဂုတ် ၁၀ ရက် (တနင်္ဂနွေနေ့)မှစ၍ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ စနေ၊တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်မည်ဖြစ်ရာ သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်က မှတ်သားရလွယ်ကူမည့် သင်္ကေတများဖြင့် သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းပို့ချမည့် နေရာမှာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၃၆) ငါးထပ်ကြီးဘုရားလမ်း ဗြဟ္မဝိဟာရ ဓမ္မာရုံကြီး၌ဖြစ်ပြီး မည်သူမဆို အခမဲ့တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွက်

၁၀-၈-၂၀၀၈ ရက်နေ့

နှင့်

၃၁-၈-၂၀၀၈ ရက်နေ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-ဧဂျ)၊ မြေကွက်အမှတ် II.၂၀/A၊ မြေအကျယ် (၂၅' x ၅၈')၊ နှစ်(၆၀) မြေငှားဂရန်မြေမျိုး မြေအမည်ပေါက် ဦးဘကြိုင်ဟု မှတ်သားထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် -၄၉၊ (၅၃)လမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ဟု ခေါ်တွင်သော (၄)ခန်းတွဲ၊ (၂)ထပ်အိမ်ဟောင်းပါ အနောက်ဘက်ရှိအဆောက်အအုံ DB သတ်မှတ်ပြီး၍ နေအိမ်အကျိုးခံစားခွင့်များ၏ အမည်ပေါက်ပိုင်ဆိုင်ခွင့်ကို ဦးဘကြိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၃၀၄၇/၁၉၉၉ (၁၄-၇-၁၉၉၉)ဖြင့် ရရှိထားသူ ဦးဘကြိုင်၏သားဟု ပြောဆိုသူ ဦးစိုးသင်း [၉/မရမ(နိုင်)၀၃၇၀၉၆] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက အရစ်ကျငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်သွင်းချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြသောင်း (အထွေထွေမန်နေဂျာ)

Motherland Group Construction Co.,Ltd.

အမှတ် (၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဆုချီးမြှင့်

၂၀၀၇-၂၀၀၈ ပညာသင်နှစ် အထက(၄)လှိုင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက်ကကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသော မောင်ချိုစိုးပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည် ဆုချီးမြှင့်စဉ်။ (၅၄၃)

Since 1986

KMD
Computer Centre
သင်တန်းအပ်လက်ခံနေပါပြီ။

LCCI Computerised Accounting (MYOB)

- ကွန်ပျူတာသုံး စာရင်းကိုင် သင်တန်းဖြစ်ပါသည်။
- Sample Assignment များပြုလုပ်ရပြီး သင်ကြားချိန်နာရီပြည့် ကွန်ပျူတာတစ်လုံးနှန်းဖြင့် သင်ကြားရပါမည်။
- LCCI (UK) ၏စာမေးပွဲအားဖြေဆိုအောင်မြင်ပါက နိုင်ငံတကာ အသိအမှတ်ပြု Certificate ကိုရရှိပါမည်။

Paper-Based မှ Computer Based သို့ပြောင်းနေကြပြီဖို့ ကွန်ပျူတာသုံးစာရင်းကိုင်ပညာကိုတတ်ထားကြပါစို့။

(ရုံးချုပ်) ☎ ၂၄၉၁၅၅/၃၈၁၇၇၆/၃၈၁၁၂၉ (သိမ်ကြီးဈေး) ☎ ၃၈၄၂၆၈/၃၈၄၆၄၁
(ဆိပ်ကမ်းသာ) ☎ ၃၉၁၂၈၆/၃၉၁၂၈၇/၃၇၁၈၅၅ (လှည်းတန်း) ☎ ၅၂၄၄၈၀/၅၀၅၃၉၉
(မြေနီကုန်း) ☎ ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၄၃ (တာမွေ) ☎ ၅၄၁၃၂၈/၅၄၆၆၀၀
(ရွှေပုန်းညက်) ☎ ၅၀၀၆၂၄/၅၀၀၂၉၅

Duration 60 Hours

ကျေးဇူးဆပ်ပါမည်

၈၇/၅၄၆၂ ယာဉ်၏ အခွန်ပုံစံ(၁) အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဒေါ်သက်ထားဆွေ ဖုန်း-၅၀၃၀၈၁**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖေဖေ မင်းသန်းထွဋ်အောင်နှင့် မေမေ စုဝေဖြိုးတို့၏ သားရတနာလေး **မောင်ခန့်တည်ကြည်(ခ)မင်းကောင်းချမ်း** ၏ ၇-၈-၂၀၀၈ ရက်တွင် ကျရောက်မည့် ရက်(၁၂၀)ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ချစ်ဖေဖေ-မေမေ တို့နှင့်အတူ သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်ပြီး မိဘကျေးဇူးဆပ်နိုင်သော သားရတနာလေးဖြစ်ပါစေ . . .။

ဘိုးဘိုး-ဘွားဘွား - နိုင်မင်းအောင်-မိမြင့်မြင့်မူ
ဖေဖေ-မေမေ - မင်းသန်းထွဋ်အောင်-မစုဝေဖြိုး

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ)
ရန်ကုန်စီးပွားရေးလမ်းညွှန် နှင့်
မန္တလေးစီးပွားရေးလမ်းညွှန် တို့တွင်
ဈေးကွက်တင်ခြင်းနှင့် ကြော်ငြာလုပ်ငန်းအတွက်

၁။ Data Collector ကျား (၁၈-၂၀)နှစ်အတွင်း (၅) ဦး

လျှောက်ထားသူသည် အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်း အောင်ရမည်။ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း ထောက်ခံချက်၊ မကြာမီကရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံစာ မူရင်း၊ အိမ်ထောင်စုဇယားမိတ္တူ အပြည့်အစုံနှင့်အတူ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

အမှတ်-၁၄၅(မြေညီ)၊(၃၆)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်

FIRST MUSIC AGENCY

(ဂီတအနုပညာဖျော်ဖြေရေးဝန်ဆောင်မှုလုပ်ငန်း)

First Music Agency မှ ---

- တေးသံရှင် နွဲ့ယဉ်ဝင်း၊ မေခလာ၊ ဟေမာနေဝင်းတို့၏ မင်္ဂလာအခါ တော်ပေး သီချင်းသီဆိုခြင်း။
- တေးသံရှင် ချစ်ကောင်း၊ ရင်ဂို၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ထူးအယ်လင်း၊ နွဲ့ယဉ်ဝင်း၊ မေခလာ၊ ဟေမာနေဝင်း၊ ကော်နီ၊ လေးလေးဝါ၊ ကဗျာဘွဲ့မှူး၊ ချောစုခင်၊ တင်ဇာမော်၊ သံသာဝင်း၊ မီးမီးခဲ၊ ဆုန်သင်းပါရ်၊ ခင်ဘုဏ်၊ ရှင်ဖုန်း၊ ဇမ်နူး၊ မိုမိုဇော်ဝင်း၊ အားမူး N-ကိုင်ရာတို့၏ မင်္ဂလာတေးသီချင်းသီဆိုခြင်းနှင့် အခြားအမျိုးမျိုးသော ညှိုခံဖျော်ဖြေပွဲများတွင် သီဆိုခြင်း။
- **Emperor** (အင်ပါယာ)၊ ဥက္ကာဦးသာ(**Plus Three**)၊ ရောင်စဉ်လှိုင်း (**Spectrum**)၊ စန္ဒရားသိန်းမြင့်သန်း တစ်ကိုယ်တော်တေးဂီတ၊ ကိုမြတ်မင်း (**3MS**) တေးဂီတဝိုင်းများ၏ ဝန်ဆောင်မှုများကို **First Music Agency** မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။
- အထက်ပါ တေးသံရှင်များနှင့် တေးဂီတအဖွဲ့များသည် အခြား မည်သည့် စီစဉ်မှုနှင့်မျှ သီဆိုဖျော်ဖြေခြင်းမပြုဘဲ **"First Music Agency"** ၏ စီစဉ်မှုဖြင့်သာ သီဆိုဖျော်ဖြေသွားမည်ဖြစ်ပါသဖြင့် **Agency** သို့ တိုက်ရိုက်ဆက်သွယ် နိုင်ပါပြီ။

ဆက်သွယ်ရန် --- အမှတ် **459 C**၊ အခန်း(**4**)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel: (01) 542904

မြန် မာ နိုင် ငံ စား ပွဲ တင် တင်း နစ် အ ဖွဲ့ ချုပ် ရန် ပုံ ငွေ ပွဲ

မောင်မျိုးမင်း ၏
(ရင် တွင်း မြစ်)

အများပျော်မယ့်နှစ်ပါးဖော် အငြိမ့်
နှင့်
အနာဂတ်ကိုလှည့်ကြည့်ခြင်း ဟာသပြဇာတ်

ဝင်ကြေး - ၂၀၀၀၀ ကျပ်၊ ၁၅၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ်၊ ၅၀၀၀ ကျပ်

အမျိုးသားဇာတ်ရုံ (မြို့ကျောင်းလမ်း)၊ ၉-၈-၂၀၀၈၊ ၁၀-၈-၂၀၀၈၊ ၁၁-၈-၂၀၀၈ ညနေ ၇နာရီ

Nightingale တေးဂီတအဖွဲ့နှင့်အတူ ... Black Hole ...

ကြိုတင်လက်မှတ်အရောင်းဌာနများ (အမျိုးသားဇာတ်ရုံ)

Fancy House Beauty Saloon
(၁) အမှတ်(၅၆-ဘီ)၊ ကမ္ဘာအေးစေတီလမ်း၊ ဖုန်း - ၆၆၂၆၃၆၊ ၇၀၄၅၃၃
(၂) အမှတ်(၂၁၄)၊ စံပြရှစ်ရှင်ရုံအနီး၊ လမ်းမတော်၊ ဖုန်း - ၂၂၄၃၄၇
(၃) Capitay Hyper Market၊ သာကေတ ... ၊ ဖုန်း - ၅၅၃၁၃၈ (လိုင်းခွဲ) ၂၁၉၊ ၂၁၀

မြမာလာဝိုးထည်တိုက်
အမှတ် (၁၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းဈေး အနောက်ဘက်တန်း။

Central Link

ပြောတာကိုနားလည်တယ်၊ ပြောမထွက်တာ လေ့ကျင့်မှုနည်းလို့
ပြောချင်တယ် မပြောရဲတာက ယုံကြည်မှုနည်းလို့

အင်္ဂလိပ်၊ တရုတ် စကားပြော နှင့် လေ့ကျင့်သင်တန်း

စကားပြောပဲသင်သင်၊ အရေးအဖတ်ပဲလိုလို ဘာသာပြန်ပဲလုပ်လုပ်
ပြောတတ်ရမယ်၊ ပြောရဲရမယ်၊ အငြင်းပိုင်ရမယ်၊ အသံထွက်မှန်ရမယ် **တန်းခွဲသစ်များ ဖွင့်ပြီ**

၁၀၆၊ ဦးချစ်မောင်လမ်း၊ (မင်းလမ်းနှင့်ဈေးကွက်တိုင်ကြား ရန်ကင်းစင်တာအနီး) ဖုန်း-၅၅၅၉၀၁၊ ၀၉-၅၀၄၂၈၀၅၊ ၀၉-၅၁၈၈၉၈၇

ငွေကြေးရင်းနှီးမြှုပ်နှံလိုသူများ ဘဏ်ချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ဘဏ်လုပ်ငန်းလုပ်ကိုင်နေသူ အဖွဲ့အစည်းများ၊ ဘဏ်ဝန်ထမ်းများ၊ ဘဏ်တွင်ငွေစုသူများ အတွက်..

ဘဏ်အကြောင်း ငွေအကြောင်း
ဦးဝင့်ကျော်

http://www.ahlinthitbooks.com

CAPITAL
hypermarket
Olympic Fever
အားကစားပစ္စည်း အထူးဈေးရောင်းပွဲ...
7.8.08 to 17.8.08

JDS Co., Ltd.
14-E, Min Nandar Road, Dawbon Township, Yangon, Myanmar.
Tel : + 95 1 553138 Fax : + 95 1 553134 Email : admin@jds-capital.com.mm

IRON CROSS
MUSIC ENTERTAINMENT

နာဂစ်လေဘေးသင့်သူများအတွက် ဝယ်ယူအားပေးခြင်းဖြင့်လှူဒါန်းနိုင်ပါသည်

Hands With Love

ကမ်းလင့်မယ့်လက်များ

ဟယ်ရီလင်း၊ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ ဘိုဖြူ၊ ဟန်ထွန်း၊ မောင်မောင်ဇော်လတ်၊ ဇော်ပိုင်၊ Rဇာနည်၊ Lလွန်းဝါ၊ သအို၊ နောနော်၊ လေးလေးဝါး၊ တင်ဇာမော်၊ သီရိဂျေမောင်မောင်၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ ဇမ်နူး၊ ချစ်သုဝေ၊ စင်ဒီ၊ ကြိုးကြာ၊

တေးရေး - ရယ်ဂျီ

SINGLE MUSIC VIDEO **9-8-2008** ထွက်ပြီ

စာနာတတ်သောနှလုံးသားဖြင့် လက်ကမ်းလိုက်ကြပါစို့

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့နံနက် ၁၁နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ရှေးဦးစွာ ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Abdulatif Al-Mawash တို့သည် အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက်ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာအယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားနှင့်အတူ လိုက်ပါလာကြသော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အတည်ပြုချိန် ၄း၀၅